# ၂၀၁၅ အထွေထွေရွေးကောက်ပွဲကြေညာစာတမ်း

# လေ့လာသုံးသပ်မှုစာတမ်းငယ်

**ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း**

အောက်တိုဘာ၊ ၂၀၁၅ (ရွေးကောက်ပွဲမတိုင်မီကာလ)

# ၂၀၁၅ အထွေထွေရွေးကောက်ပွဲကြေညာစာတမ်း လေ့လာမှုသုတေသနစာတမ်းငယ်

အောက်တိုဘာ၊ ၂၀၁၅ (ရွေးကောက်ပွဲမတိုင်မီကာလ)





ပ ညာ အ လင်း ပွင့် မြန် မာ သု တေ သ န ဖောင် ဒေး ရှင်း

EMReF
Enlightened Myanmar
Research Foundation

EMReF
Enlightened Myanmar
Research Foundation

## ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF)

ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း(EMReF) သည် အမျိုးမျိုးသောဖွံ့ဖြိုးရေးကဏ္ဍများတွင် လုပ်ကိုင်နေသည့် နိုင်ငံတကာနှင့်ပြည်တွင်းအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ မီဒီယာ၊ ပုဂ္ဂလိကကဏ္ဍ၊ လွှတ်တော်နှင့်အစိုးရဌာနအဖွဲ့အစည်းများ စသည့် နယ်ပယ်အသီးသီးမှ ပတ်သက်ဆက်နွယ်သူများကို သတင်းအချက်အလက်နှင့် အထောက်အထားအခြေပြု မူဝါဒအကြံပြုချက်များ ပံ့ပိုးပေးနိုင်ရန်အတွက် လူမှုစီးပွားဆိုင်ရာ သုတေသနများ၊ နိုင်ငံရေးဘောဂဗေဒဆိုင်ရာ လေ့လာသုံးသပ်မှုများ၊ လူမှုရေးအကဲဖြတ်ဆန်းစစ်ချက်များနှင့် အခြားသောဖွံ့ဖြိုးရေးနှင့် ဆက်စပ်သည့် လေ့လာမှုများကို တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိသည့် အကျိုးအမြတ် မယူသော အသိအမှတ်ပြု သုတေသနအဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) သည် နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲများ၊ လွှတ်တော်၏စွမ်းဆောင်မှုနှင့် အဓိကကျသောဖွံ့ဖြိုးရေးမူဝါဒကိစ္စရပ်များနှင့် ပတ်သက်၍ စိတ်ချယုံကြည်နိုင်သည့် သတင်းအချက်အလက်များကို ပံ့ပိုးခြင်းအားဖြင့် နိုင်ငံရေးအသိနိုးကြားမှုနှင့် နိုင်ငံသားများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ပါဝင်ဆောင်ရွက်မှုတို့ကို မြှင့်တင်ပေးခြင်း၌ ၎င်း၏ အခန်းကဏ္ဍကို ပိုမိုကျယ်ပြန့်လာစေရန် ဆောင်ရွက်လျက်ရှိပါသည်။


### မိတ္တူအတွက် ဆက်သွယ်ရန်

***ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း(EMReF)***

တိုက်(၃)၊ အခန်း(အေ-၃၀၅)၊ သစ္စာဥယျာဉ်အိမ်ရာ၊ (၃)လမ်း၊ (၈)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်၊ မြန်မာနိုင်ငံ။

ဖုန်း - +၉၅၁၈၅၆၂၄၃၉
အီးမေးလ် - EMReF.info@gmail.com
Website – www.emref.org


### ကျေးဇူးတင်လွှာ

ယခုအစီရင်ခံစာသည် "အပြောင်းအလဲကာလအတွင်း မြန်မာပြည်သူလူထု အတွက် သတင်းအချက်အလက်ဖြန့်ဝေခြင်းနည်းဗျူဟာအစီအစဉ် (the Information Strategies for Societies in Transition Program)" ၏ အစီရင်စာတစ်ခု ဖြစ်ပါသည်။ သတင်းအချက်အလက်နည်းဗျူဟာအစီအစဉ်ကို USAID (United States Agency for International Development), Microsoft, the Bill & Melinda Gates Foundation နှင့် the Tableau Foundation တို့က ကူညီပေးထားခြင်းဖြစ်ပြီး ဝါရှင်တန်တက္ကသိုလ် (the University of Washington) ၏ Henry M. Jackson School of International Studies မှလည်း ပါဝင်ဖြည့်ဆည်းထားကာ ဝါရှင်တန်တက္ကသိုလ် (the University of Washington) ၏ Information School နှင့်အတူ ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) က မိတ်ဖက်အဖွဲ့အစည်းတစ်ခုဖြစ်သော the Myanmar Book Aid and Preservation Foundation (MBAPF) နှင့် လက်တွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

ပညာအလင်းပွင့်မြန်မာသုတေသန ဖောင်ဒေးရှင်း (EMReF) အနေဖြင့် ဒေတာသတင်းအချက်အလက်များနှင့် ပတ်သက်ပြီး ဝက်ဘ်ဆိုက်မှ သတင်းအချက်အလက်များအပြင် ထပ်မံရှင်းလင်းသိရှိ လိုသည့်အချက်များကို ဖုန်းဖြင့်ဆက်သွယ်မေးမြန်းရာတွင် မဆိုင်းမတွ စိတ်ရှည်စွာဖြေကြားကာ သတင်းအချက်အလက်များ မှန်ကန်စေရေးအတွက် ပံ့ပိုးပေးခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) အားလည်းကောင်း၊ တစ်ဦးချင်းအင်တာဗျူးများပြုလုပ်စေခြင်းနှင့် ဒေတာများကို ရှင်းလင်းစေရန် စိတ်အားထက်သန်စွာဆောင်ရွက်ပေးခဲ့သည့် နိုင်ငံရေးပါတီအသီးသီးကိုလည်းကောင်း အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။


### မူပိုင်ခွင့်၊ လိုင်စင်၊ ရှင်းလင်းချက်

မူပိုင်ခွင့် ၂၀၁၅၊ ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF)၊

ယခုအစီရင်ခံစာတွင် ပါရှိသော အချက်အလက်များကို "Creative Commons Attribution Share-Alike" လိုင်စင်အောက်မှ ဖြန့်ချိခြင်း ဖြစ်ပါသည်။

အစီရင်ခံစာတွင် ဖော်ပြထားသော ရေးသားသူ၏ ထင်မြင်ယူဆချက်များ၊ တွေ့ရှိချက်များသည် ယခုအစီအစဉ်ကို ပူးပေါင်းဆောင်ရွက်သည့် မိတ်ဖက်အဖွဲ့အစည်းများ၏ ရေးသားဖော်ပြချက် (သို့မဟုတ်) ထင်မြင်ချက်များ မဟုတ်ကြောင်း အသိပေးအပ်ပါသည်



### အကျဉ်းချုပ်

ပညာအလင်းပွင့်မြန်မာသုတေသန (Enlightened Myan-mar Research – EMR) သည် ဖွံ့ဖြိုးရေးဆိုင်ရာ သုတေသနများကို စဉ်ဆက်မပြတ် ပြုလုပ်ခဲ့သော နိုင်ငံတည်ဆောက်ရေးဖြစ်စဉ်တွင် တစ်တပ်တစ်အား ပါဝင်နေသော သုတေသနအဖွဲ့အစည်း ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်တွင် နိုင်ငံရေးပါတီများနှင့်ဆိုင်သော မြန်မာနိုင်ငံရေးပါတီများဆိုင်ရာ အချက်အလက်စုစည်းမှုစာအုပ် (၂၀၁၀ -၂၀၁၂) ကို စတင်ပြုစုခဲ့ပြီး နိုင်ငံရေးပါတီများက ထားရှိသော နိုင်ငံဖွံ့ဖြိုးရေးဆိုင်ရာ အမြင်များကိုလည်း လေ့လာသုတေသနပြု ထုတ်ဝေခဲ့ပါသည်။ ထိုမှစတင်ကာ နိုင်ငံရေးပါတီများနှင့် သက်ဆိုင်သော၊ ရွေးကောက်ပွဲများနှင့် သက်ဆိုင်သော၊ လွှတ်တော်များနှင့် သက်ဆိုင်သော လေ့လာမှုဆိုင်ရာ၊ သုတေသနဆိုင်ရာ၊ အကြံပြုမှုဆိုင်ရာ စာတမ်းများ၊ စာတမ်းအကျဉ်းများကို ဆက်လက်ပြုစု သုတေသနပြုလုပ်ခဲ့ပါသည်။

ဤစာတမ်းငယ်ထုတ်ဝေခြင်း၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရေးပါတီများ၏ ရွေးကောက်ပွဲကြေညာစာတမ်းများတွင် ပါဝင်သော ဘုံတူညီချက်များ၊ မတူကွဲပြားသည့် သီးသန့်သဘောထားရပ်တည်ချက်၊ မူဝါဒ စသည်တို့ကို အနှစ်ချုပ် အလွယ်သိရှိစေရန် ရည်ရွယ်ပါသည်။ လေ့လာမှု၏ တွေ့ရှိချက်များကို နိုင်ငံရေးဆိုင်ရာမူဝါဒ၊ စီးပွားရေးဆိုင်ရာမူဝါဒနှင့် လူမှုရေးဆိုင်ရာမူဝါဒဟူ၍ အပိုင်း (၃) ပိုင်းဖြင့် ရှုမြင်နိုင်သည်။ ထိုမှတစ်ဆင့် (၂၀၁၅) ခုနှစ်အလွန် အစိုးရ၊ လွှတ်တော် စသည်တို့တွင် အနိုင်ရပါတီများ၏ မူဝါဒများ၊ မူဝါဒကြေညာစာတမ်းပါ အချက်အလက်များကို မည်မျှအကောင်အထည်ဖော်နိုင်သည်၊ မည်သည့်အရာများက လက်တွေ့ အကောင်အထည်ဖော်ရန် ခက်ခဲနေသည် စသည့် မူဝါဒချမှတ်မှုဆိုင်ရာ လေ့လာမှုအသေးစိတ်များ၊ အကြံပြုချက် အသေးစိတ်များကို ဆက်လက်လေ့လာ၍ သုတေသနပြု အကောင်အထည်ဖော်သွားရန် အဓိကရည်ရွယ်ရင်း ဖြစ်ပါသည်။



### KEYWORDS

မြန်မာ၊ ရွေးကောက်ပွဲ၊ EMReF,
ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း၊ သုတေသန၊
နိုင်ငံရေး၊ နိုင်ငံရေးပါတီ၊ အပြောင်းအလဲကာလအတွင်း
မြန်မာပြည်သူလူထုအတွက် သတင်းအချက်အလက်ဖြန့်ဝေခြင်း
နည်းဗျူဟာ၊ ISST

### ကိုးကားရန်

ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) -
(၂၀၁၅) - ၂၀၁၅ အထွေထွေရွေးကောက်ပွဲ ကြေညာစာတမ်း
လေ့လာမှု သုတေသနစာတမ်းငယ် - ရန်ကုန် - မြန်မာ၊
ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF)

## မာတိကာ


နိဒါန်း ........ ၃

အဓိကရည်ရွယ်ချက် ........ ၄

လေ့လာမှုနည်းစနစ် ........ ၅

အဓိကတွေ့ရှိချက်များ ........ ၆

- နိုင်ငံရေးဆိုင်ရာမူဝါဒ ........ ၆
- စီးပွားရေးဆိုင်ရာမူဝါဒ ........ ၈
- လူမှုရေးဆိုင်ရာမူဝါဒ ........ ၁၀

အကြံပြုချက်များနှင့်နိဂုံး ........ ၁၃

## အတိုကောက်ဝေါဟာရများ

| | |
|---|---|
| KPP | ကရင်ပြည်သူ့ပါတီ |
| MFDP | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| NDF | အမျိုးသားဒီမိုကရေစီအင်အားစုပါတီ |
| NDP | အမျိုးသားတိုးတက်ရေးပါတီ |
| NLD | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| NUP | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တစည) |
| SNDP | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ |
| SNLD | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| USDP | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

## နိဒါန်း

မြန်မာ့နိုင်ငံရေးအသွင်ကူးပြောင်းမှုသည် (၂၀၁၀) ခုနှစ် အထွေထွေရွေးကောက်ပွဲကြီး၌ နိုင်ငံရေးပါတီပေါင်း (၃၇) ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြင့် အစပြုခဲ့သည်။ ထို့နောက် ၂၀၁၁ ခုနှစ် အစိုးရအသစ်ပေါ်ပေါက်လာပြီး နောက်တွင် လွှတ်တော်ကိုယ်စားလှယ်အချို့သည် အစိုးရအဖွဲ့ဝင်များ ဖြစ်သွားခြင်း၊ အချို့မှာလည်း ဝန်ထမ်း အဖွဲ့အစည်းအကြီးအမှူးများဖြစ်သွားခြင်း စသည့်အကြောင်းများကြောင့် ကိုယ်စားလှယ်နေရာအချို့ လစ်လပ်ကာ (၂၀၁၂) ခုနှစ်တွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန် ဖြစ်လာခဲ့သည်။ (၂၀၁၂) ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီပေါင်း (၅၆) ပါတီ ရှိခဲ့သည်။ (၂၀၁၂) ကြားဖြတ် ရွေးကောက်ပွဲတွင် ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် မဲအများစုအနိုင်ရခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် မှတ်ပုံတင်အမှတ် (၄၇) ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ ကြားဖြတ်ရွေးကောက်ပွဲကျင်းပသည့် မဲဆန္ဒနယ်စုစုပေါင်း (၄၅) ခုအနက် (၄၃) နယ်တွင် အနိုင်ရရှိခဲ့ခြင်းနှင့်အတူ ပြည်သူလူထု၏ နိုင်ငံရေးနှင့် နိုင်ငံရေးပါတီများအပေါ်စိတ်ဝင်စားမှုများ ပြန်လည်မြင့်တက် လာခဲ့သည်။ ထိုမှနောက်ပိုင်း မြန်မာ့နိုင်ငံရေး၏ အသွင်ကူးပြောင်းမှုကာလအရှိန်အဟုန်များ၊ အစိုးရအသစ်နှင့် နိုင်ငံတကာ ဆက်ဆံရေးပြောင်းလဲမှုများ၊ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ ပြည်သူလူထုတို့၏ အရပ်ရပ်သော အကြောင်းအကျိုးအကောင်းအဆိုးများစွာပေါ်ပေါက်ခဲ့မှုတို့နှင့်အတူ မြန်မာ့နိုင်ငံရေးပါတီများသည် လည်း ဆက်တိုက်ဆိုသလို ထပ်မံပေါ်ပေါက်လာခဲ့ရာ မကြာမီကျင်းပမည့် (၂၀၁၅) ခုနှစ် အထွေထွေ ရွေးကောက်ပွဲကြီးတွင် နိုင်ငံရေးပါတီပေါင်း (၉၁) ပါတီအထိ ပါဝင်ယှဉ်ပြိုင်လာခဲ့သည်ကို တွေ့ရသည်။

(၂၀၁၅) ခုနှစ် နိုင်ဝင်ဘာ (၈) ရက်နေ့တွင် ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲကြီး နီးကပ်လာ သည်နှင့်အမျှ နိုင်ငံရေးပါတီအသီးသီး၏ မဲဆွယ်စည်းရုံးမှုများ၊ မူဝါဒထုတ်ပြန်ဟောပြောချက်များကို ပိုမိုတွေ့မြင်လာ ရပါသည်။ အဓိကအင်အားကြီး နိုင်ငံရေးပါတီကြီးများအနေဖြင့် ပါတီ၏ လုပ်ဆောင်ချက်၊ သမိုင်းကြောင်း၊ ဦးဆောင်သူ ပုဂ္ဂိုလ်များအပေါ် အဓိကအခြေပြု၍ မဲဆွယ်ဟောပြောစည်းရုံးလျက်ရှိသည့်တိုင် အစိုးရတစ်ရပ်အဖြစ် တာဝန်ယူရမည် ဆိုပါက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်ကဏ္ဍအသီးသီးတွင် မည်သို့သော မူဝါဒများကို လက်တွေ့ကျင့်သုံး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အသေးစိတ် ရေးသားဖော်ပြသည့် ရွေးကောက်ပွဲကြေညာစာတမ်းကို ပါတီကြီး အချို့ကသာ ထုတ်ပြန်ထားနိုင်သည်ကို တွေ့ရှိရပါသည်။ ဒီမိုကရေစီစနစ်ကို ခိုင်မာစွာကျင့်သုံးလျက်သည့် နိုင်ငံများ တွင် ရွေးကောက်ပွဲကြေညာစာတမ်း (electoral manifesto) ထုတ်ပြန်ခြင်းသည် ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင် မည့် နိုင်ငံရေးပါတီများအတွက် မဖြစ်မနေလုပ်ဆောင်ကြရသည့် အလုပ်တစ်ခုပင်ဖြစ်ပါသည်။ ယေဘုယျအားဖြင့် မဲဆန္ဒရှင်များသည် ကိုယ်စားလှယ်လောင်းများအပေါ် ကြိုက်နှစ်သက်မှုအပြင် ပြည်သူတို့အလေးထားသည့် ကိစ္စရပ်များ (issues) တွင် နိုင်ငံရေးပါတီတစ်ခုအနေဖြင့် မည်သို့ရပ်တည်ချက်သဘောထားရှိသည်၊ မည်သို့သော မူဝါဒကို ကျင့်သုံးဆောင်ရွက်မည်ကို ၎င်း၏ ရွေးကောက်ပွဲ ကြေညာစာတမ်းပါ ရေးသားကတိပြုချက်များကို ကြည့်ခြင်း အားဖြင့် ဆုံးဖြတ်ဆန္ဒမဲပေးကြခြင်း ဖြစ်ပါသည်။ မည်သို့ပင်ဆိုစေ ပြည်တွင်း၊ ပြည်ပမှ စိတ်ဝင်စားမှု၊ လေ့လာ စောင့်ကြည့်မှု အများအပြားနှင့်အတူ မကြာမီကျင်းပတော့မည့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ပါတီကြီးအချို့ ၏ ရွေးကောက်ကြေညာစာတမ်းများကို လေ့လာတင်ပြခြင်းအားဖြင့် ၎င်းတို့၏ ရွေးကောက်ပွဲမတိုင်မီကာလနှင့် ရွေးကောက်ပွဲအလွန်ကာလတို့အကြား ကတိကဝတ်နှင့်လုပ်ဆောင်ချက်များကို နှိုင်းယှဉ်သုံးသပ်ရာတွင် အကျိုး တစ်စုံတစ်ရာပြုနိုင်မည်ဟု ယုံကြည်ပါသည်။

## အဓိကရည်ရွယ်ချက်

ပညာအလင်းပွင့်မြန်မာသုတေသန (Enlightened Myanmar Research – EMR) သည် ဖွံ့ဖြိုးရေးဆိုင်ရာ သုတေသနများ၊ စီးပွားရေး၊ လူမှုရေး၊ ဆင်းရဲမွဲတေမှုပပျောက်ရေးဆိုင်ရာ သုတေသနများ၊ လေ့လာမှုစစ်တမ်းများကို စဉ်ဆက်မပြတ် ပြုလုပ်ခဲ့သော၊ အကျိုးအမြတ် မမျှော်ကိုးသော၊ နိုင်ငံတည်ဆောက်ရေးဖြစ်စဉ်တွင် တစ်တပ်တစ်အား ပါဝင်နေသော သုတေသနအဖွဲ့အစည်း ဖြစ်ပါသည်။ အထက်ပါလုပ်ဆောင်ချက်များကို လုပ်ဆောင်ရင်းဖြင့် (၂၀၁၃) ခုနှစ်တွင် နိုင်ငံရေးပါတီများနှင့်ဆိုင်သော မြန်မာနိုင်ငံရေးပါတီများဆိုင်ရာ အချက်အလက်စုစည်းမှုစာအုပ် (၂၀၁၀-၂၀၁၂) ကို စတင်ပြုစုခဲ့ပြီး နိုင်ငံရေးပါတီများက ထားရှိသော နိုင်ငံဖွံ့ဖြိုးရေးဆိုင်ရာအမြင်များကိုလည်း လေ့လာသုတေသနပြု ထုတ်ဝေခဲ့ပါသည်။ ထိုမှစတင်ကာ နိုင်ငံရေးပါတီများနှင့် သက်ဆိုင်သော၊ ရွေးကောက်ပွဲများနှင့် သက်ဆိုင်သော၊ လွှတ်တော်များနှင့်သက်ဆိုင်သော လေ့လာမှုဆိုင်ရာ၊ သုတေသနဆိုင်ရာ၊ အကြံပြုမှုဆိုင်ရာ စာတမ်းများ၊ စာတမ်းအကျဉ်းများကို ဆက်လက်ပြုစုသုတေသနပြုလုပ်ခဲ့ပါသည်။ ဤစာတမ်းငယ်ထုတ်ဝေခြင်း၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရေးပါတီများ၏ ရွေးကောက်ပွဲကြေညာစာတမ်းများတွင် ပါဝင်သော ဘုံတူညီချက်များ၊ မတူကွဲပြားသည့် သီးသန့်သဘောထားရပ်တည်ချက်၊ မူဝါဒ စသည်တို့ကို အနှစ်ချုပ်အလွယ်သိရှိစေရန် ရည်ရွယ်ပါသည်။ ထိုမှတစ်ဆင့် (၂၀၁၅) ခုနှစ်အလွန် အစိုးရ၊ လွှတ်တော် စသည်တို့တွင် ပါတီများ၏ မူဝါဒများ၊ မူဝါဒ ကြေညာစာတမ်းပါ အချက်အလက်များကို မည်မျှအကောင်အထည်ဖော်နိုင်သည်၊ မည်သည့်အရာများက လက်တွေ့ အကောင်အထည်ဖော်ရန်ခက်ခဲနေသည် စသည့်မူဝါဒချမှတ်မှုဆိုင်ရာ လေ့လာမှုအသေးစိတ်များ၊ အကြံပြုချက် အသေးစိတ်များကို ဆက်လက်လေ့လာ၍ သုတေသနပြုအကောင်အထည်ဖော်သွားရန် အဓိကရည်ရွယ်ရင်း ဖြစ်ပါသည်။

## လေ့လာမှုနည်းစနစ်

ယခုစာတမ်းငယ်အတွက် ပထမဦးစွာ မြန်မာနိုင်ငံရေးပါတီများအားလုံးကို ခြုံငုံသုံးသပ်ပါသည်။ ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီများမှ တင်သွင်းသည့် ကိုယ်စားလှယ်လောင်းစာရင်း အနှစ်ချုပ်ကို သုံးသပ်ကာ ကိုယ်စားလှယ်လောင်းအရေအတွက် အနည်းဆုံး (၁၀၀) ကျော်ယှဉ်ပြိုင်သည့် ပါတီများကို အဓိကထား၍ ရွေးချယ်ခဲ့ပါသည်။ ထို့နောက် ပါတီများ၏ ရွေးကောက်ပွဲကြေညာစာတမ်းများကို ထုတ်နုတ်စုစည်းခဲ့ခြင်း ဖြစ်သည်။ ထို့နောက်မှ အများစု တူညီသောမူများ၊ တစ်မူကွဲပြားစွာဖြင့် ရှိနေသောမူများ စသည်တို့ကို လေ့လာစုစည်းခဲ့ခြင်းဖြစ်ပြီး ယခုစာတမ်းမှာ အကျဉ်းမျှ သုံးသပ်ဖော်ပြခြင်းသာဖြစ်သည်။

## အဓိကတွေ့ရှိချက်များ

ယခုလေ့လာမှုတွင် ပါဝင်သော နိုင်ငံရေးပါတီများ၏ ၂၀၁၅ ရွေးကောက်ပွဲကြေညာစာတမ်းပါ အဓိကကျသော မူဝါဒများ၌ နိုင်ငံရေးဆိုင်ရာမူဝါဒ၊ စီးပွားရေးဆိုင်ရာမူဝါဒနှင့် လူမှုရေးဆိုင်ရာမူဝါဒဟူ၍ အပိုင်း (၃) ပိုင်းဖြင့် ရှုမြင်နိုင်သည်။

## နိုင်ငံရေးဆိုင်ရာမူဝါဒ

**နိုင်ငံရေးဆိုင်ရာမူဝါဒ၏ အရေးပါသည့်အခန်းကဏ္ဍဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ** နှင့်ပတ်သက်သည့် ဖော်ပြမှုများအား NLD, SNLD, NDF, NUP နှင့် NDP တို့၏ ကြေညာစာတမ်းများတွင် လက်ရှိကျင့်သုံးနေသည့် (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြုပြင်ပြောင်းလဲပြင်ဆင်လိုသည်များကို တွေ့ရသည်။ ပါတီများ၏ ဘုံယေဘုယျ တူညီချက်များအတွင်းမှ အရေးပါသည့် အချက်အလက်အချို့အား ထုတ်နုတ်ဖော်ပြရပါက -

- တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအား အကျိုးပြုသော ဥပဒေနှင့် တရားစီရင်ရေးစနစ်များ ပေါ်ပေါက်ရေး
- ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး စသည့် မဏ္ဍိုင်ကြီးသုံးရပ်သည် တူညီသော အဆင့်အတန်းဖြင့် လွတ်လပ်စွာ ရပ်တည်ရေး
- တိုင်းရင်းသားပြည်သူလုထု၏ သဘောဆန္ဒနှင့်အညီရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရေး တို့ဖြစ်သည်။

**ဗဟိုချုပ်ကိုင်မှုလျှော့ချရေးအတွက် ဦးစားပေးပြင်ဆင်နိုင်ရေးအား အလေးထားမည်** ဆိုသည့်အချက်ကို NUP ပါတီ၏ ရွေးကောက်ပွဲကြေညာစာတမ်းတစ်ခုတည်းတွင်သာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အာဏာခွဲဝေမှု (Division of Power) တွင် ဗဟိုချုပ်ကိုင်မှုလျှော့ချနိုင်ရေးအတွက် ဦးစားပေးပြင်ဆင်နိုင်ရေးအား အလေးထားသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေဖြည့်စွက်ပြင်ဆင်ရေးအား ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည်ဆိုသည်ကို USDP ၏ ရုပ်မြင်သံကြားဟောပြောမှုကောက်နုတ်ချက်တွင် ဖော်ပြထားသည်ကို တွေ့ရသည်။** ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် နိုင်ငံရေးဆွေးနွေးပွဲများကျင်းပပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေအား ဖြည့်စွက်ပြင်ဆင်ရေးများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် မူအားဖြင့်လည်း သဘောတူထားပြီးဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။

**စွမ်းဆောင်ရည်ပြည့်ဝသော အစိုးရတစ်ရပ်ဖွဲ့စည်းနိုင်ရန် ဝန်ကြီးဌာနများအား လျှော့ချသွားမည်** ဆိုသည့်အချက်အား NLD ပါတီ၏ ပြည်သူလူထုအား တရားမျှတစွာ အကာအကွယ်ပေးမည့် အုပ်ချုပ်မှုစနစ်တစ်ရပ် ပေါ်ပေါက်လာရေး ဟူသည့်အပိုင်းတွင် ဖော်ပြထားသည်ကို တွေ့ရသည်။

**ဒီမိုကရေစီနှင့် အခြေခံလူ့အခွင့်အရေးများဆိုင်ရာမူဝါဒ**တွင် ဒီမိုကရေစီစနစ်အခြေခံဖြင့် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသစ်ထူထောင်ရေးနှင့် အပြည်ပြည်ဆိုင်ရာတွင် လက်ခံကျင့်သုံးနေသည့် လူ့အခွင့်အရေးကြေညာစာတမ်းပါ လူ့အခွင့်အလမ်းများနှင့် ဒီမိုကရေစီစံနှုန်းများနှင့်အညီ ကျင့်သုံးသွားရေး စသည့်ကတိကဝတ်များကို ပါတီများအားလုံး၏ ရွေးကောက်ပွဲကြေညာစာတမ်းများတွင် ရှင်းလင်းဖော်ပြထားကြသည်။

**လူမှုအခြေပြုလွတ်လပ်ခွင့်ဝါဒ (ဆိုရှယ်-လစ်ဘရယ်လစ်ဇင်) အား အကောင်အထည်ဖော်ဆောင်သွားမည်ဆိုသည့် ဖော်ပြချက်ကို NDF ပါတီ၏ ရွေးကောက်ပွဲကြော်ငြာစာတမ်းတစ်ခုတည်းတွင်သာ ညွှန်းဆိုထားသည်ကို တွေ့ရသည်။** ဆိုရှယ်-လစ်ဘရယ်ဝါဒသည် တစ်ဦးချင်းလွတ်လပ်ခွင့်ကို အမြင့်ဆုံးရရှိစေမည့် လစ်ဘရယ်ဒီမိုကရေစီသို့သွားရာ

လမ်းတွင် ကြားခံဖြစ်ခြင်းကြောင့် မြန်မာ့လူ့အဖွဲ့အစည်းအား လစ်ဘရယ်ကြားခံနိုင်ငံရေးအဆင့်ဖြင့် ဖော်ဆောင်သွားမည်ဟု ရှင်းလင်းဖော်ပြထားသည်။

**တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာမူဝါဒများ**တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အလေးထားတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးဖော်ဆောင်ရေး ဟူသည့် ဖော်ပြချက်အား ပါတီများအားလုံးတွင် တွေ့ရသည်။ ပင်လုံညီလာခံနှင့် ပင်လုံစိတ်ဓာတ်ကို အခြေခံသည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများမှတစ်ဆင့် စစ်မှန်သောငြိမ်းချမ်းရေးအား ဖော်ဆောင်သွားခြင်းနှင့် နိုင်ငံရေးပဋိပက္ခများကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းမည် ဆိုသည်တို့ကို ဖော်ပြထားသည်။

**တိုင်းရင်းသားများ၏ အခွင့်အရေးများ၊ ရပိုင်ခွင့်နှင့် သဘာဝအရင်းအမြစ်များ ထုတ်ယူရာမှရရှိလာသည့် အကျိုးအမြတ်များကို ဖက်ဒရယ်ပြည်ထောင်စုမူနှင့်အညီ ဒေသအလိုက် မျှတစွာခွဲဝေခံစားခွင့်ဆိုင်ရာ** ကတိကဝတ်အား NLD ပါတီ၏ ဖော်ပြထားမှုတွင် အခြားပါတီများထက် အနည်းငယ်စောင်း (ဇောင်း) ပေးထားသည်ကို တွေ့ရသည်။

**နိုင်ငံခြားရေးရာဆိုင်ရာမူဝါဒ** ဖော်ပြချက်တွင် NUP, NLD, SNDP တို့၏ ကတိကဝတ် ညွှန်းဆိုချက်များအရ လွတ်လပ်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး ငြိမ်းချမ်းစွာလက်တွဲနေထိုင်ရေး မူကြီးငါးချက်အား လက်ကိုင်ထားလျက် နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံမှုများ ပိုမိုအကောင်အထည်ဖော်ဆောင်သွားမည်ဆိုသည်ကို ရှင်းလင်းဖော်ပြထားသည်ကို တွေ့ရသည်။

**ကမ္ဘာ့နိုင်ငံများနှင်ဆက်ဆံရာ၌ ပေါ်ပေါက်လာမည့်အရေးကိစ္စရပ်များတွင် စစ်မှန်သောဒီမိုကရေစီအခြေခံများဘက်ကနိုင်မာစွာရပ်တည်မည်ဆိုသည့် ကတိကဝတ်**နှင့် နိုင်ငံတကာနှင့်ဆက်ဆံရာတွင် လူထုအခြေပြုအဖွဲ့အစည်းများ၏ ကဏ္ဍအား အထူးအလေးပေး ဆောင်ရွက်မည်ဆိုသည့် ကတိကဝတ်အား NLD ပါတီ၏ ရွေးကောက်ပွဲ ကြေညာစာတမ်းတစ်ခုတွင်သာ ထည့်သွင်း ဖော်ပြထားသည်ကို တွေ့ရသည်။

**တိုင်းပြည်ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍတွင်** တပ်မတော်၏ ရပ်တည်မှုအနေဖြင့် ပြည်သူတို့ ယုံကြည်အားကိုးသော တပ်မတော်ဖြစ်မြောက်ရေး ဆောင်ရွက်သွားမည်ဆိုသည်ကို USDP, NLD နှင့် NUP ပါတီ စသည့် ပါတီ (၃) ခုကသာ ညွှန်းဆိုဖော်ပြထားသည်။

**လွှတ်တော်များတွင် အခြေခံဥပဒေအရ တပ်မတော်၏ပါဝင်မှုကို လျှော့ချသွားမည်ဆိုသည့်** အချက်ကို NUP ပါတီတစ်ခုတည်းတွင်သာ ဖော်ပြထားသည်။

**တပ်မတော်နှင့်ကာကွယ်ရေးယန္တရားတစ်ရပ်လုံးသည် အုပ်ချုပ်ရေးမဏ္ဍိုင်ထဲ၌သာ တည်ရှိရန်** ဦးတည်ဆောင်ရွက်မည်ဆိုသည့် ဖော်ပြချက်ကို NLD ပါတီ၏ ရွေးကောက်ပွဲကြေညာစာတမ်းတွင်သာ တွေ့ရှိရသည်။

**ရဲတပ်ဖွဲ့၏အခန်းကဏ္ဍကို နိုင်ငံတကာအဆင့်မီစေရေးနှင့်** တရားဥပဒေစိုးမိုးရေးအောက်တွင် ဥပဒေနှင့်အညီ ဆောင်ရွက်သော ရဲတပ်ဖွဲ့ဖြစ်ရေးဆိုသည့် ကတိကဝတ်အား NLD ပါတီတစ်ခုတည်းကသာ ညွှန်ပြထားသည်ကို တွေ့ရသည်။

**တရားစီရင်ရေးမဏ္ဍိုင်နှင့်ပတ်သက်သည့် ကတိကဝတ်**ကို NLD ပါတီ၏ ရွေးကောက်ပွဲကြေညာစာတမ်းတစ်ခုတွင်သာ ဖော်ပြထားပြီး တရားရေးမဏ္ဍိုင်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အခန်းကဏ္ဍအား မြှင့်တင်ခြင်းဆိုင်ရာ ကတိကဝတ်များအား ရှင်းလင်းဖော်ပြထားသည်။

## စီးပွားရေးဆိုင်ရာမူဝါဒ

**နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ညွှန်းဆိုထားသည့် စီးပွားရေးမူဝါဒများ**နှင့်ပတ်သက်၍ ပါတီတိုင်း၌ သီးသန့်ကဏ္ဍတစ်ရပ်အနေဖြင့် ဖော်ပြထားကြသည်။ ပါတီများ၏ ညွှန်းဆိုချက်များအား ခြုံငုံလေ့လာမှုအရ ဘုံသဘော တူညီချက်များမှာ -

- နိုင်ငံသားလုပ်ငန်းရှင်များ၏ စီးပွားရေးလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးနိုင်ရေးနှင့် တရားမျှတသော ယှဉ်ပြိုင်မှု များနှင့် အခွင့်အလမ်းများ ရရှိရေး ၊
- ဘဏ်စနစ်များ အားကောင်းစွာ လည်ပတ်နိုင်ပြီး စီးပွားရေးလုပ်ငန်းများအား အထောက်အကူ ပြုလာနိုင်ရေး
- နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်စေရန်နှင့် နည်းပညာများနှင့် ကျွမ်းကျင်မှုအတွေ့အကြုံများ ရရှိရေး စသည်တို့ ဖြစ်သည်။

**မြန်မာနိုင်ငံ၏ ကုန်သွယ်မှုဆိုင်ရာ မူဝါဒ ပြောင်းလဲနိုင်ရေး ကတိကဝတ်အား** NDF ပါတီ၏ စီးပွားရေးဆိုင်ရာမူဝါဒတွင်သာ ဖော်ပြထားပြီး နိုင်ငံစီးပွားဖွံ့ဖြိုးရေးသော့ချက်များဖြစ်သည့် ကုန်သွယ်ရေးမူဝါဒအပြောင်းအလဲအား လွှတ်တော် တွင်း၌ ပစ်မှတ်ထား ဆောင်ရွက်ရန် တွန်းအားပေးသွားမည်ဆိုသည်ကို -

*"ကုန်သွယ်မှုဘက်တွင် မူဝါဒအပြောင်းအလဲ (Policy Reform)များ ပြုလုပ်ပေးပြီး ကုန်ထုတ်လုပ်မှု တစ်ခုချင်းစီ အား ရွေးချယ်စျေးကွက်အတွင်း၌ ယှဉ်ပြိုင်မှုအား ပိုမိုတိုးတက်စေရေး စည်းမျဉ်းများချမှတ်နိုင်ရန် ဥပဒေပြုရေး အာဏာဘောင်အတွင်းမှကြိုးပမ်းခြင်းများ၊ စီးပွားရေးစီမံခန့်ခွဲမှုများကို ပြန်လည်ပြုပြင်ဆောင်ရွက်ရေး"*

တို့ကို ရွေးကောက်ပွဲကြေညာစာတမ်းတွင် တွေ့ရှိရသည်။

**စီးပွားရေးမူဝါဒ၏ အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်နေသည့် ပြည်သူ့ဘဏ္ဍာရေးစနစ်အား အပြောင်းအလဲ ဖြစ်စေရေး ညွှန်းဆိုထားသည်ကို** NLD နှင့် NUP ပါတီနှစ်ခု၏ ရွေးကောက်ပွဲကြေညာစာတမ်းများတွင် တွေ့ရှိရသည်။

**NLD ပါတီအနေဖြင့် ပြည်သူ့ဘဏ္ဍာရေးအပြည့်အဝရရှိရေး** အတွက် အခွန်ကောက်ခံရေးနှင့် ရရှိလာသည့် အခွန်ငွေ ခွဲဝေသုံးစွဲမှုတို့အား ညွှန်းဆိုထားသည်။

*" အခွန်ကောက်ခံရေးနှင့်စပ်လျဉ်း၍ ပြည်သူများလိုလားစွာ ထမ်းဆောင်လိုစိတ်ရှိစေမည့် အခွန်စနစ်မျိုး ပေါ်ပေါက် ရန် တွန်းအားပေးခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှုကို ဖြေလျှော့စေရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်နှင့် တာဝန်များကို ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအကြား အသင့်လျော် ဆုံး ခွဲဝေသုံးစွဲနိုင်ရန် ဆောင်ရွက်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးနှင့် ပတ်သက်၍ မမျှတမှုများ မဖြစ်ပေါ်စေရန် ညှိနှိုင်းကြိုးပမ်း ဆောင်ရွက်သွားရေး" စသည်တို့ကို ဖော်ပြထားသည်။*

**လက်ရှိကျင့်သုံးနေသည့် ပြည်သူ့ဘဏ္ဍာ သုံးစွဲမှုမှ သင်ခန်းစာယူ၍ နောက်ထပ် ထိုကဲ့သို့ ထပ်မံမဖြစ်ပေါ်စေရေးနှင့် ဓနအင်အားခွဲဝေမှုသဟဇာတမျှတရေး** ဆောင်ရွက်မည်ဆိုသည့် ကတိကဝတ်အား NUP ၏ ညွှန်းဆိုဖော်ပြမှုတွင် တွေ့ရသည်။

*"နိုင်ငံတော်ဘဏ္ဍာငွေ၏အသုံးစရိတ်သည် နှစ်စဉ်လိုငွေပြမှုများပြားနေခြင်း၊ ငွေကြေးဖောင်းပွမှုများမြင့်နေခြင်း ................ ရေရှည်တွင် ဈေးငွေကိုအခြေပြုရသည့် စီးပွားရေးပုံစံ ဆက်လက်မဖြစ်စေရန်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍကို အလေးပြုဖော်ထုတ်ကာ ......ဓနအင်အားကို ခွဲဝေရာတွင်လူမှုအဖွဲ့အစည်းတစ်ရပ်လုံးအတွက် လူမှုသဟဇာတ မျှတစေမှု ဖြစ်စေရေး" တို့ ဆောင်ရွက်မည် ဖြစ်ကြောင်း ဖော်ပြထားသည်။*

**လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံတော်၏ အခြေခံစီးပွားရေးအဖြစ် ပါတီများမှ တူညီစွာ ရှုမြင်ကြသည်။** ရွေးကောက်ပွဲကြေညာစာတမ်းများပါ လယ်ယာကဏ္ဍနှင့်သက်ဆိုင်သည့် ကတိကဝတ်များအား ခြုံငုံဖော်ပြရပါက-

- လယ်ယာမြေများအား ဥပဒေမဲ့သိမ်းယူခြင်းများမှ ကာကွယ်ရေးနှင့် လယ်ယာမြေပိုင်ဆိုင်ခွင့် အာမခံချက်ရရှိရေး
- ခေတ်နှင့်လျော်ညီမှုမရှိသည့် လယ်ယာမြေဆိုင်ရာဥပဒေများအား ဖျက်သိမ်းခြင်းနှင့် ပြုပြင်ပြောင်းလဲရေး
- မလွှဲမရှောင်သာလယ်မြေသိမ်းရမှုများ ဖြစ်လာပါက ထိုက်တန်သည့်လျော်ကြေးနှင့် နစ်နာကြေးများ ရရှိစေရေး
- စိုက်ပျိုးရေးသွင်းအားစုများဆိုင်ရာ လိုအပ်ချက်များ သင့်တင့်သောဈေးနှုန်းများဖြင့် ဖြည့်ဆည်းပေးရေး
- သီးနှံလျော်ကြေးများရရှိသည့် အာမခံစနစ်များ ထူထောင်ပေးရေး

**လယ်ယာမြေလုပ်ပိုင်ခွင့်အား အသင်းအဖွဲ့၊ အစည်းအရုံးများ ဖွဲ့စည်းကာ ဆောင်ရွက်မည်** ဆိုသည့် ကတိကဝတ်များအား NUP ပါတီ၏ ဖော်ပြထားမှုတွင် တွေ့ရသည်။

**၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေကို မြေပြန့်တောင်တန်းမခွဲခြားဘဲ ထိထိရောက်ရောက် အသက်ဝင်ရန် ဆောင်ရွက်သွားရေး** ဆိုသည့်အချက်အား မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ဖော်ပြချက်တစ်ခုတွင်သာ တွေ့ရသည်။

**မြေယာပိုင်ဆိုင်မှုမရှိသည့် မြေယာမဲ့များ** အတွက် စိုက်ပျိုးနိုင်သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား ဖော်ထုတ်ပြီး ဦးစားပေးခွဲဝေချထားကာ တရားဝင်ပိုင်ဆိုင်ခွင့်ရရှိရေးဆောင်ရွက်ခြင်း အခွင့်အလမ်းများ ဖော်ဆောင်ပေးမည်ဟု NLD ပါတီ၏ ရွေးကောက်ပွဲကြေညာစာတမ်း၌သာ ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရသည်။

**တောင်သူလယ်သမားများ စိုက်ပျိုးရေးသုံး ရေအရင်းအမြစ် စနစ်တကျအသုံးချစီမံခန့်ခွဲနိုင်ရေးနှင့် ဆည်မြောင်းများကို အကျိုးရှိစွာ အသုံးချနိုင်ရေးနှင့်ရေလွှမ်းမိုးမှုကာကွယ်ရေး**တို့အား စနစ်တကျ အလေးထားဆောင်ရွက်သွားမည်ဆိုသည်ကိုလည်း NLD ပါတီတစ်ခုတည်းကသာ ဖော်ပြထားသည်။

**မွေးမြူရေးနှင့်ရေလုပ်ငန်းဆိုင်ရာ မူဝါဒများ**နှင့် ပတ်သက်သည့် ညွှန်းဆိုမှုများအား SNDP နှင့် NUP တို့တွင် တိရစ္ဆာန်မွေးမြူရေးနှင့်ရေလုပ်ငန်း ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် လုပ်ငန်းရှင်များအား နည်းပညာဖြင့်သော်လည်းကောင်း၊ ချေးငွေဖြင့်သော်လည်းကောင်း ကူညီပံ့ပိုး ဆောင်ရွက်ပေးသွားမည်ဟု ဖော်ပြထားသည်ကို တွေ့ရသည်။

**ရေလုပ်ငန်းနှင့် မွေးမြူရေးဆိုင်ရာဥပဒေများအား ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး**နှင့် ပြည်တွင်းပြည်ပကုမ္ပဏီများ လက်ဝါးကြီးအုပ်ငါးဖမ်းမှုအား တားဆီးရေးနှင့် နိုင်ငံရေပိုင်နက်တွင် ငါးခိုးဖမ်းမှုများအား ကာကွယ်တားဆီးရေးနှင့် ပြည်ပတင်ပို့မှုမြင့်မားလာစေရေး စသည့်အချက်များအား NLD ပါတီ၏ ရွေးကောက်ပွဲကြေညာစာတမ်းတစ်ခုတည်းတွင်သာ ဖော်ပြထားသည်။

**သဘာဝသယံဇာတ စီမံခန့်ခွဲမှုမူဝါဒ** နှင့်ပတ်သက်၍ NDF, SNDP, NUP တို့၏ ကတိကဝတ်များတွင် သဘာဝသယံဇာတများအား ရေရှည်သုံးစွဲသွားနိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊ အစုအဖွဲ့ပိုင်သစ်တောများ၊ ပုဂ္ဂလိကပိုင်သစ်တောစိုက်ခင်းများ ပိုမိုပေါ်ထွန်းလာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမဖြစ်စေရန် ပီပြင်စွာအကာအကွယ်ပေးမည့် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ ထွက်ပေါ်လာရေး စသည်တို့ ပါဝင်သည်။

**သဘာဝသယံဇာတ စီမံခန့်ခွဲမှုဆိုင်ရာမူဝါဒအပေါ်** NLD ပါတီ၏ ဖော်ပြချက်မှာ သဘာဝပတ်ဝန်းကျင်နှင့် ဆက်စပ်နေသည့်ကဏ္ဍ (၉) ခုအား ခွဲခြမ်းစိတ်ဖြာကာ ကဏ္ဍအလိုက် ဖော်ဆောင်ရမည့်အချက်များအား သီးသန့် ဖော်ပြထားသည်။ ထို့အပြင် သဘာဝအရင်းအမြစ်များထုတ်ယူသုံးစွဲရေးနှင့်စပ်လျဉ်း၍ ထိခိုက်မှုမရှိသည့်နည်းလမ်းများ ဆောင်ရွက်ရေးနှင့် ရရှိသောအကျိုးအမြတ်များကို နိုင်ငံတော်ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် သီးသန့်ရန်ပုံငွေတစ်ရပ် ထူထောင်ထားရှိရေး စသည်တို့ကို ရှင်းလင်းဖော်ပြထားသည်။

**အလုပ်သမားအရေးဆိုင်ရာမူဝါဒအပေါ် ညွှန်းဆိုဖော်ပြချက်အား NUP, SNDP, NLD, NDP ပါတီတို့၏ ရွေးကောက်ပွဲကြေညာစာတမ်းတွင် တွေ့ရသည်။** ပါတီများ၏ ဘုံတူညီသည့် သဘောထားများမှာ အလုပ်သမားထုအတွင်း အလုပ်လက်မဲ့ဖြစ်မှုများ လျှော့ချနိုင်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးရေး၊ အလုပ်သမားများ လုပ်ငန်းခွင်ဆိုင်ရာလုံခြုံရေးနှင့် ကာကွယ်စောင့်ရှောက်ရေး၊ နိုင်ငံတကာအလုပ်သမား အဖွဲ့အစည်းဖြစ်သည့် (ILO) က ချမှတ်ထားသည့် အခွင့်အရေးများအား အပြည့်အဝရရှိခံစားခွင့်ရှိရေးနှင့် အလုပ်သမားများ အကျိုးစီးပွားအတွက် အစုအဖွဲ့များဖွဲ့စည်းခွင့်ရရှိရေး စသည့် အချက်အလက်များအား အသေးစိတ်ဖော်ပြထားကြသည်။

## လူမှုရေးဆိုင်ရာမူဝါဒ

**ပညာရေးဆိုင်ရာမူဝါဒ ဖော်ဆောင်ရန် ပါတီများအားလုံးမှ အသီးသီး ကတိကဝတ်ပြုထားကြသည်ကို တွေ့ရသည်။ ထိုကတိကဝတ်များမှာ-**

- ပညာရေးအတွက် နိုင်ငံတော်ဘတ်ဂျက်လျာထားချက်အား မြှင့်တင်သုံးစွဲနိုင်ရေး
- နိုင်ငံတကာတွင် ပြောင်းလဲနေသောပညာရေးအခြေအနေများနှင့်အညီ ပညာသင်ကြားမှု ခေတ်မီရေး
- အသက်မွေးဝမ်းကျောင်းပညာရပ်များ ထိရောက်စွာ သင်ယူနိုင်ရေးအတွက် အစီအမံများဆောင်ရွက်ရေး
- ဆရာ/ ကျောင်းသား အဖွဲ့အစည်းများကို တည်ထောင်ခွင့်ပြုရေး
- ဆရာ/ဆရာမများ၏ အရည်အချင်း၊ သင်ရိုးညွှန်းတမ်းမြှင့်တင်ခြင်း၊ သင်ထောက်ကူပြည့်စုံစေခြင်း၊ ဒေသတိုင်း၊ လူတိုင်း ပညာရေးကို လက်လှမ်းမီစေရေး

**တိုင်းရင်းသားစာပေများနှင့် ယဉ်ကျေးမှုအား မြှင့်တင်သည့် ပညာရေးစနစ်ဖော်ဆောင်ရေးအစီအစဉ်များအတွက် ဘာသာစကားနှင့်ယဉ်ကျေးမှုအား မြှင့်တင်ပေးနိုင်သည့်အစီအစဉ်ရေးဆွဲနိုင်ရေးနှင့် ဥပဒေပြဋ္ဌာန်းခြင်းဆိုင်ရာ ဖော်ပြချက်အား** NLD, SNDP, SNLD ပါတီများ၏ ပညာရေးဆိုင်ရာ အခန်းကဏ္ဍတွင် ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရသည်။။

**ကျန်းမာရေးကဏ္ဍနှင့်** ပတ်သက်၍ ပါတီများအားလုံးသည် ကျန်းမာရေးဆိုင်ရာကတိကဝတ်များအား သီးသန့်ကဏ္ဍဖြင့် ဖော်ပြထားကြသည်။

- ကျန်းမာရေးဘတ်ဂျက်အား မြှင့်တင်ပေးရေးနှင့် ကျန်းမာရေးကုန်ကျစရိတ်များ လျှော့ချပေးရေး
- ပြည်သူ့ကျန်းမာရေး အာမခံစနစ်အား ဥပဒေပြဋ္ဌာန်း၍ ဆောင်ရွက်ရေး
- ခေတ်မီဆေးပညာနှင့် ကျန်းမာရေးဆိုင်ရာပညာရှင်များအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် အကူအညီများ ရယူဆောင်ရွက်ခြင်း ပြုလုပ်သွားရေး
- ကျေးလက်ဒေသနှင့် မြို့ပြ တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှုများရရှိစေရန် ဆောင်ရွက်ရေး

**သက်ကြီးရွယ်အိုများနှင့်မသန်စွမ်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူငယ်များကို မူးယစ်ဆေးဝါး အန္တရာယ်ပညာပေးလုပ်ငန်းများအား အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းနှင့်** ကုသရေးနှင့်ပြန်လည် ထူထောင်ရေးလုပ်ငန်းများအား ထိရောက်စွာ ဆောင်ရွက်ရေးဆိုသည့် ကတိကဝတ်တို့အား NLD ပါတီ ရွေးကောက်ပွဲ ကြေညာစာတမ်းတွင် ရှင်းလင်းဖော်ပြထားသည်။

**အားကစားနှင့်ကာယပညာဆိုင်ရာမူဝါဒတွင် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ခြင်းများ၌ ရေတိုရေရှည်စီမံကိန်းများ ချမှတ်ရေးနှင့် အားကစားနည်းပညာနှင့်အတန်းပညာပေါင်းစပ်သင်ယူရေးကို** NDF နှင့် NUP ပါတီနှစ်ခုတွင်သာ ဖော်ပြထားသည်။

**ဘောလုံးအားကစားနှင့်ပတ်သက်ပြီး တစ်နိုင်ငံလုံးအခြေခံ၍ မြှင့်တင်နိုင်ရန်** တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်ဆင့်တွင် ဘောလုံးကွင်းအင်္ဂါရပ်နှင့်ပြည့်စုံသော အားကစားကွင်းများကို ဘဏ္ဍာရေးနှစ်အလိုက် တည်ဆောက်ပေးရန် ဦးဆောင် အဆိုပြုသွားမည်ဆိုသည့်ကတိကဝတ်အား NDF ပါတီမှ ဖော်ပြထားသည်ကိုတွေ့ရသည်။

**လူမှုဝန်ထမ်းဆိုင်ရာ ကတိကဝတ်များအား ဖော်ပြထားသည်မှာ NUP ပါတီတစ်ခုတည်းသာဖြစ်ပြီး** စားဝတ်နေရေးနှင့် လူမှုရေးကဏ္ဍများတွင် ကုန်ကျသည့် စရိတ်များအား မျှတသက်သာစေမည့် အစီအစဉ်များ ရေးဆွဲဆောင်ရွက်ရေးနှင့် သက်ကြီးရွယ်အိုများ၊ ခိုကိုးရာမဲ့အမျိုးသမီးများ၊ မိဘမဲ့ကလေးများ၊ လေလွင့်လူငယ်များအား ကူညီစောင့်ရှောက်ရေး လုပ်ငန်းများကို မြှင့်တင် ဆောင်ရွက်ရေးများကိုလည်း ထည့်သွင်းဖော်ပြထားသည်။

**အမျိုးသမီးအခန်းကဏ္ဍနှင့် ပတ်သက်ပြီး ကတိကဝတ်ပြုထားသည့် ပါတီများမှာ NDF, USDP, NLD နှင့် NUP ပါတီတို့ဖြစ်သည်။**

- အမျိုးသမီးများ ကဏ္ဍအသီးသီး၌ အမျိုးသားများနှင့် တန်းတူပါဝင်နိုင်ရေး၊ အမျိုးသမီးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး
- ကုလသမဂ္ဂသဘောတူစာချုပ် (CEDAW) ကဲ့သို့သော အမျိုးသမီးအခွင့်အရေးဆိုင်ရာ ပဋိညာဉ်များကို မိမိနိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် အညီ အကောင်အထည် ဖော်ဆောင်ရေး
- အမျိုးသမီးများ၏ လူနေမှုဘဝမြှင့်တင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းရေးကို ဆောင်ရွက်မည် ဟု အသီးသီးဖော်ပြထားကြသည်။

**အမျိုးသမီးများအား လူကုန်ကူးမှုအန္တရာယ်မှ ကာကွယ်ရေးနှင့်** ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြိုးပမ်း ဆောင်ရွက်ရေးနှင့် လုပ်ငန်းခွင်မှ အိမ်ထောင်သည်အမျိုးသမီးများ စိတ်အေးချမ်းစွာဖြင့် နိုင်ငံတာဝန်ထမ်းဆောင်နိုင် ရေး အတွက် ရင်ခွင်ပိုက်နေ့ကလေးထိန်းဌာနများ ထားရှိရေး စသည့်တို့ကို NUP ၏ ဖော်ပြချက်တွင် တွေ့ရသည်။

**လူငယ်ရေးရာကဏ္ဍတွင် လူငယ်များသည် လူ့စွမ်းအားအရင်းအမြစ်ကောင်းများဖြစ်လာစေရန် ပျိုးထောင်ပေးရေး၊** အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိရေးနှင့် နိုင်ငံတော်နှင့်လူငယ်တစ်ရပ်လုံး၏ အကျိုးစီးပွားအတွက် လူငယ် အဖွဲ့အစည်းများ ထူထောင်နိုင်ရေး ကတိကဝတ်များကို NUP နှင့် NLD ပါတီနှစ်ခုတွင်သာ အခန်းတစ်ခန်းအနေဖြင့် သီးခြား ဖော်ပြထားသည်။

**လူငယ်ထုအားခြိမ်းခြောက်လျက်ရှိသော မူးယစ်ဆေးဝါးပြဿနာများနှင့် ကူးစက်ရောဂါ လျော့ကျ**စေရန် ကျန်းမာရေး အသိပညာမြှင့်တင်ပေးရေး ဖော်ပြချက်ကို NLD ပါတီတစ်ခုတည်းတွင်သာ တွေ့ရသည်။

**သတင်းမီဒီယာနှင့် ဆက်သွယ်ရေးဆိုင်ရာ ကတိကဝတ်အား** NUP, NDF နှင့် NLD ပါတီတို့တွင် ဖော်ပြထားပြီး သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ လွတ်လပ်စွာသတင်းရယူခွင့်ရရှိရေးနှင့် အမျိုးမျိုးသော မီဒီယာနည်းလမ်းများအားကျေးလက်နှင့် မြို့ပြမကျန်ရရှိစေရေးတို့အား ရှင်းလင်းထားသည်။

**ရေဒီယို၊ ရုပ်သံထုတ်လွှင့်ခြင်းများ၊ ပုံနှိပ်မီဒီယာများနှင့် တယ်လီဖုန်း၊ အင်တာနက် ဝန်ဆောင်မှုများ** တွင် ဈေးကွက်စီးပွားရေးစနစ်အရ လွတ်လပ်ပွင့်လင်းစွာ ပါဝင်ယှဉ်ပြိုင်လုပ်ပိုင်ခွင့်အား ဖော်ဆောင်ရေးဆိုသည့် ညွှန်းဆိုမှုအား NLD ပါတီ၏ ရွေးကောက်ပွဲကြေညာစာတမ်းတွင်ဖော်ပြထားသည်ကို တွေ့ရသည်။

**မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကတိကဝတ်အား NDF နှင့် NLD ပါတီတို့တွင်သာ ထည့်သွင်းညွှန်းဆိုထားကြသည်။** ပြည်သူများ ကိုယ်လက်ကျန်းမာရေးလှုပ်ရှားအပန်းဖြေနိုင်သော လူထုအပန်းဖြေနေရာများ တည်ဆောက်ပေးခြင်းနှင့် နေရာဟောင်းများအား အသစ်ပြန်လည်ပြုပြင်ရေးများ ပြုလုပ်သွားမည် ဟု ဖော်ပြထားသည်။

**အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်နှင့် လက်ရှိအသုံးပြုနေသည့် ရေ၊ မိလ္လာ စသော မြို့ပြလူနေမှုစနစ်မြှင့်တင်ရေး** ကတိကဝတ်အား NLD ပါတီမှ ညွှန်းဆိုထားသည်ကို တွေ့ရသည်။

**ကျေးလက်ဒေသနေပြည်သူများ လူနေမှုအဆင့်အတန်းဖွံ့ဖြိုးတိုးတက်ရေး အစီအမံများ**အား NUP ပါတီတစ်ခုတည်းတွင်သာ ဖော်ပြထားသည်ကို တွေ့ရသည်။

**အမျိုးသားယဉ်ကျေးမှုဆိုင်ရာအခန်းကဏ္ဍကို** NUP ပါတီတစ်ခုတည်းကသာ ညွှန်းဆိုထားသည်။ အမျိုးသားယဉ်ကျေးမှုအစဉ်အလာနှင့်အမွေအနှစ်များ အစဉ်တည်တံ့စေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ နိုင်ငံတကာယဉ်ကျေးမှု ဖလှယ်မှုများတွင် ပူးပေါင်းပါဝင်ခွင့်ရရှိရေးတို့အား ဖော်ပြထားသည်။

## အကြံပြုချက်များနှင့် နိဂုံး

ယခုလေ့လာမှုတွင် မပါဝင်သော နိုင်ငံရေးပါတီအများစု သည် ရွေးကောက်ပွဲကြေညာစာတမ်း (Electoral Manifesto) ကို ထုတ်ပြန်ခြင်း မရှိကြကြောင်း တွေ့ရှိရသည်။ ယခုလေ့လာမှုအတွင်း ပါဝင်သောပါတီ (၉) ခုအနက်လျင် ပါတီ (၃) ခုသာ ရွေးကောက်ပွဲကြေညာစာတမ်းကို ထုတ်ပြန်ကြေညာထားနိုင်ခဲ့သည်။ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ၊ အမျိုးသားတိုးတက်ရေးပါတီတို့အနေဖြင့် ရွေးကောက်ပွဲကြေညာစာတမ်းနှင့် ပါတီ၏မူဝါဒလုပ်ငန်းစဉ်များသည် အတူတူပင်ဖြစ်သောကြောင့် ကောက်နုတ်ကိုးကားနိုင်ကြောင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် ကရင်ပြည်သူ့ပါတီတို့မှလည်း ရွေးကောက်ပွဲကြေညာစာတမ်းဟု သီးသန့်ထုတ်ပြန်ထားခြင်း မရှိကြဘဲ ရုပ်မြင်သံကြားအစီအစဉ်မှ ဟောပြောထုတ်လွှင့်မှုများကိုသာ ကိုးကားရန် ပြောကြားခဲ့ခြင်းများအား ကြုံတွေ့ခဲ့ရသည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းကာစ နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် ပါတီများမှ ရွေးကောက်ပွဲကြေညာစာတမ်းထုတ်ပြန်ခြင်း၊ မဲဆန္ဒရှင်များမှ ရွေးကောက်ပွဲကြေညာစာတမ်းကို အလေးထားကြည့်ရှုခြင်း စသည့် ဒီမိုကရေစီအလေ့အထများ အားနည်းနေသေးသည်ဟု ဆိုနိုင်ပါသည်။ ဒီမိုကရေစီစနစ်ပီပြင်စေရန် အလို့ငှာ နိုင်ငံရေးပါတီများအနေဖြင့် ၎င်းတို့ မူဝါဒများနှင့်သဘောထားရပ်တည်ချက်များအား ပြယုဂ်တစ်ခုဖြစ်သည့် ရွေးကောက်ပွဲကြေညာစာတမ်းများအား ရွေးကောက်ပွဲစည်းရုံးရေးကာလအချိန်မီ ပြင်ဆင်ထားသင့်ပါသည်။ ရွေးကောက်ပွဲကြေညာစာတမ်းထုတ်ပြန်ထားသည့် ပါတီများအနေဖြင့်လည်း မည်သို့သောမူဝါဒများအား ဦးစားပေးဆောင်ရွက်မည်၊ မည်သို့သောရပ်တည်ချက်ဖြင့် ဆောင်ရွက်မည်ဆိုသည်ကို တိကျရှင်းလင်းစွာဖော်ပြပေးနိုင်မှု အားနည်းခြင်းကြောင့် ယေဘုယျဆန်သောအချက်များကိုသာ ရှုမြင်ရပါသဖြင့် ပိုမိုတိကျသေချာသည့် ရွေးကောက်ပွဲကတိကဝတ်များကို ရှင်းလင်းဖော်ပြပေးသင့်ကြောင်း အကြံပြုလိုပါသည်။